PEN MYANMAR

# PEN International အမျိုးသမီးများဆိုင်ရာ မူဝါဒကြေညာစာတမ်း

PEN International အဖွဲ့ ပထမဦးဆုံးနှင့်တည်ထောင်စဉ်က ချမှတ်သော ပဋိညာဉ်စာတမ်းက **"စာပေနယ်ပယ်တွင် မည်သည့်နယ်နိမိတ်ကန့်သတ်ချက်မှ မရှိ"** ဟု အခိုင်အမာဆိုထားပါသည်။ ဤဖော်ပြပါ နယ်နိမိတ်ကန့်သတ်ချက်များ ဆိုသည်မှာ အစဉ်အလာအရ နိုင်ငံများကြားက နယ်နိမိတ်ပိုင်းခြားမှုများနှင့် ပြည်သူများအကြား ကွဲပြားခြားနားချက်များ အားလုံးပါဝင်သည်။ မကြာသေးမီချိန်အထိ ပတ်သက်ဆက်စပ်သော ကမ္ဘာပေါ်ရှိ များစွာသောအမျိုးသမီးများအားလုံး အတွက် ပထမဆုံးလည်းဖြစ်ပြီး နောက်ဆုံးလည်းဖြစ်သော စွမ်းအားအကြီးဆုံး နယ်နိမိတ်သည် သူမ နေထိုင်သော သူမ၏ မိဘများအိမ် (သို့မဟုတ်) သူမခင်ပွန်း၏အိမ်တံခါးများပင် ဖြစ်နိုင်သည်။ အမျိုးသမီးများအတွက် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာစာပေဖတ်ရှုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်ရရန် သူမတို့တွင် ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် အသိဉာဏပိုင်းဆိုင်ရာ အခြေခံရပိုင်ခွင့်များရှိရန် လိုအပ်သည်။ မိမိဘာသာ ရပ်တည်သွားလာလှုပ်ရှားနေသော အမျိုးသမီး တစ်ဦးအတွက် ရန်လိုမုန်းတီးနှောင့်ယှက်မှုများမှ ကာကွယ်ပေးသောလူ့အဖွဲ့အစည်းမှာ အနည်းငယ်မျှသာ ရှိနေသေးသည်။

အိမ်နံရံအတွင်းတွင်ဖြစ်စေ၊ ပြင်ပလူမှုနယ်ပယ်ထဲတွင်ဖြစ်စေ အမျိုးသမီးများအား အကြမ်းဖက်မှုပုံစံအမျိုးအစား အားလုံးသည် အန္တရာယ်များသော ဆင်ဆာဖြတ်တောက်မှုများကို ဖန်တီးကြောင်း PEN International က ယုံကြည်သည်။ ကမ္ဘာအနှံ့တွင် ယဉ်ကျေးမှု၊ ဘာသာတရားနှင့် ရိုးရာယဉ်ကျေးမှုများသည် အထက်ပါလူ့ရပိုင်ခွင့်များကို ပိုမို၍ တန်ဖိုးထား လာကြသကဲ့သို့ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ထိခိုက်နစ်နာစေမှုများကို အကာအကွယ်ပေးရန် သို့မဟုတ် အားပေးအားမြှောက်ပြုရန် အကြောင်းပြချက်များအဖြစ်လည်း အသုံးပြုခံကြရသည်။

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အသံတိတ်ရေငုံနှုတ်ပိတ်စေခြင်းလုပ်ရပ်သည် ထိုသူတို့၏ဖြစ်တည်မှု၊ ယုံကြည် ရပ်တည်ချက်တို့ကို မျက်ကွယ်ပြုခြင်းဖြစ်သည်ဟု PEN International က ယုံကြည်သည်။ ထိုအရာသည် ဘဝသေဆုံး စေခြင်းပင်ဖြစ်သည်။ အမျိုးသမီးများ၏ တီထွင်ဖန်တီးနိုင်မှု အသိဉာဏ်ဗဟုသုတများနှင့်ပတ်သက်ပြီး အပြည့်အဝ လွတ်လပ်စွာ ထုတ်ဖော်ခွင့်မရှိပါက လူသားဆန်မှုဟူသည်မှာ ဆန္ဒနှင့်သောကသာ ဖြစ်ပေမည်။

❑

**PEN အနေဖြင့် အောက်ပါနိုင်ငံတကာအသိအမှတ်ပြုထားသော နည်းဥပဒေသများကို ထောက်ခံသည်။**

**၁။ အကြမ်းဖက်မှုကင်းစင်ရေး**

ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ နှုတ်ပိုင်းဆိုင်ရာနှင့်ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာအားဖြင့် စော်ကားခြင်းကို အဆုံးသတ်ရမည်။ အမျိုးသမီးများနှင့်မိန်းကလေးငယ်များအနေဖြင့် သူတို့ကိုယ်တိုင် လွတ်လပ်စွာထုတ်ဖော်ပြောဆို နိုင်သည့် ပတ်ဝန်းကျင်တစ်ခုကို မြှင့်တင်အကောင်အထည်ဖော်ရမည်။ မည်သို့သော ကျား/မရေးရာ အခြေပြုသော အကြမ်းဖက်မှုများမဆိုကို ပြည့်ပြည့်စုံစုံ စုံစမ်းစစ်ဆေးခြင်းနှင့် အပြစ်ပေးခြင်းအပြင် သားကောင်ဖြစ်သွားရသော အမျိုးသမီးများ အတွက် နစ်နာကြေးများ ထောက်ပံ့ပေးရန်စသည်တို့ကို သေချာလုပ်ဆောင်ပေးရမည်။

### ၂။ လုံခြုံမှု

အမျိုးသမီးစာရေးဆရာများနှင့် အမျိုးသမီးစာနယ်ဇင်းသမားများကို ကာကွယ်စောင့်ရှောက်ရမည်။ ကမ္ဘာ့အရပ်ရပ်နှင့်အွန်လိုင်းပေါ်တွင် အမျိုးသမီးစာရေးဆရာများနှင့် အမျိုးသမီးစာနယ်ဇင်းသမားများအပေါ် အကြမ်းဖက်လုပ်ရပ်များ၊ စော်ကားမှုများ ကျူးလွန်သော်လည်း ပြစ်ဒဏ်မှ ကင်းလွတ်နေမှုများကို တိုက်ပွဲဝင်ရမည်။

### ၃။ ပညာရေး

အမျိုးသမီးများနှင့်မိန်းကလေးများအတွက် စံချိန်မီပညာရေးအား အပြည့်အဝ လက်လှမ်းမီခွင့်ကို မြှင့်တင်ပေးခြင်းဖြင့် ပညာရေးဆိုင်ရာနယ်ပယ်အဆင့်ဆင့်တွင် ကျား/မ မညီမျှမှုများကို ဖယ်ရှားရမည်။ ပညာရေးရပိုင်ခွင့်အနေဖြင့် စာပေဖတ်ရှုခွင့်၊ စာပေရေးသားထုတ်ဖော်ခွင့်စသည့် အခွင့်အရေးများကို အမျိုးသမီးများ အပြည့်အဝရရှိပိုင်ဆိုင်စေရမည်။

### ၄။ တန်းတူညီမျှမှု

ဥပဒေရှေ့မှောက်တွင် အမျိုးသားများနှင့် တန်းတူအမျိုးသမီးများအား အခွင့်အရေးပေးရမည်။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံးကို ကန့်ကွက်ရှုတ်ချရမည်။ ခွဲခြားဆက်ဆံမှုပပျောက်ရေးအတွက် လိုအပ်သောအဆင့်များအားလုံးကို ဆောင်ရွက်ရမည်။ အမျိုးသမီးစာရေးဆရာများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အဆင့်အတန်းမြင့်မားမှုများဖြင့် လူသားများအား အပြည့်အဝတန်းတူညီမျှခြင်းကို ရရှိစေရမည်။

### ၅။ ရပိုင်ခွင့်အခွင့်အလမ်း

အရပ်ဘက်ဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အခန်းကဏ္ဍများတွင် အမျိုးသမီးများအနေဖြင့် လွတ်လပ်စွာ အပြည့်အဝပါဝင်နိုင်ခွင့်နှင့် မီဒီယာအားလုံးနှင့်စာပေဆိုင်ရာကျယ်ပြန့်သောအခန်းကဏ္ဍများတွင် အများပြည်သူအသိအမှတ်ပြုမှုအား ခံယူရရှိခြင်းစသည့် ကိစ္စဆောင်တာအဝဝတို့တွင် တူညီသောအခွင့်အရေးများ၊ရပိုင်ခွင့်များကို အမျိုးသမီးများ အားပေးရန်ထောက်ခံသည်။ ထို့အပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာနည်းလမ်းများဖြစ်သော မီဒီယာ၏ပုံစံအားလုံးတို့တွင် အမျိုးသမီးများနှင့်မိန်းကလေးငယ်များအား တူညီမျှတသောအခွင့်အရေး ရရှိစေရမည်။

### ၆။ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်

အမျိုးသမီးစာရေးဆရာများ၏ စီးပွားရေးတွင် တန်းတူပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရမည်။ အမျိုးသမီးစာရေးဆရာများနှင့် အမျိုးသမီးစာနယ်ဇင်းသမားများအား အမျိုးသားများနှင့် တန်းတူခွဲခြားဆက်ဆံမှုမရှိဘဲ အလုပ်ခန့်ထားရမည်ဖြစ်ပြီး လစာများ တန်းတူသတ်မှတ်ခံစားခွင့်ရရန် ဆောင်ရွက်စေရမည်။

ဤမူဝါဒဆိုင်ရာကြေညာစာတမ်းကို ၂၀၁၇ ခုနှစ် စက်တင်ဘာလက ယူကရိန်းနိုင်ငံတွင် ကျင်းပခဲ့သော ၈၃ ကြိမ်မြောက် အထွေထွေညီလာခံတွင် PEN International ၏ ဥက္ကဋ္ဌ ဂျနီဖာကလီမန့်အပါအဝင် အဖွဲ့၏တာဝန်ရှိသူ ပေါင်း ၂၁ ဦးက အကြံပေးများအဖြစ် ဆောင်ရွက်ကာ PEN International ၏ အမျိုးသမီးစာရေးဆရာများကော်မတီ၊ PEN Myanmar Center တို့အပါအဝင် Center ပေါင်း ၂၀ ခုက ထောက်ခံအတည်ပြုခဲ့ကြခြင်း ဖြစ်သည်။

■

**ပဲန်မြန်မာစင်တာ**

**PEN Myanmar Office:** PEN Myanmar Center: # 445/447, Lower Pazundaung Street, Pazundaung Township, Yangon, Myanmar.
Email: penmyanmarcenter@gmail.com, web site: www.penmyanmar.org ph: +95 9780592913